# သခင့်စကား
ဝိညာဉ်ရေးရာစာစောင်

ငါ ပြောခဲ့ပြီးသော စကားကို အောက်မေ့ကြလော့၊
ငါ့စကားကို နားထောင်လျှင် သင်တို့၏ စကားကို နားထောင်ကြလိမ့်မည်။
ယောဟန် ၁၅း၂၀

| အမှတ်စဉ် (၆၆) | ဒီဇင်ဘာလ | ၂၀၀၇ ခုနှစ် | စနှစ်ဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) |
|---|---|---|---|


## ဟန်ချက်ပျက်နှလုံးသား

အဝေးရောက် လမ်းပျောက်နေတဲ့ အလွမ်းတွေ
ပြုပြင်ဖို့ရှိတဲ့ ဟန်ချက်ပျက်နှလုံးသားကို
အမှားအယွင်းမရှိ ကွန်ထရိုး လုပ်နိုင်တယ်ဆိုရင်ပေါ့။
ပြောင်းလဲမှုဆိုတာဟာ လွယ်လွယ်နဲ့ အစားထိုးလို့ မရသလို
တစ်ချိန်မှာ လောကကြီးက မျက်နှာသာ ပေးခဲ့ရင်တော့
ကောင်မလေးရေ အလိုတော် အတိုင်းဘဲပေါ့။
နှစ်ချို့အလွမ်းတွေနဲ့ အမှားတွေများတဲ့ လူတစ်ယောက်
အလှာ မတူတဲ့ ကေသာကျော့ရှင်း လှယမင်းလေး
ခပ်ရှည်ရှည်ရေးထားတဲ့ အီးမေး ရည်းစားစာတစ်စောင်
ကောင်မလေးရေ အချစ်မပါတဲ့ သီချင်းတစ်ပုဒ်ကို
ဖော်လွှန်း လျော့၍ ဖွင့်ပေးပါ။
ဘယ်အရာနဲ့မှ နှိုင်းလို့ မရတဲ့
တစ်ယောက်သောသူရဲ့ နှလုံးသားတစ်ခုတည်းက
ဖြူစင်တဲ့အချစ်ဟာ တစ်ကြိမ်မှာတော့
သောက်မရတဲ့ အီတာလျံ ကော်ဖီတစ်ခွက်လိုဘဲ
အရသာပျက်ခဲ့ပေါင်း မနည်းတော့ဘူး။ ။
( ကဗျာရေးတဲ့ - **သက်တံချို** - ၁၄ ဖော်ဖော်ဝါရီ )
( ကျရောက်မဲ့ ချစ်သူများနေ့နှင့် ချစ်တတ်သော သူငယ်ချင်းများသို့ ...)

---

## သက်ဆိုင်သူသို့

တစ်ဦးက ပြောတယ် သစ္စာမရှိသူ အတွက် မျက်ရည် မကျနဲ့တဲ့ ၊
တစ်ဦးကလဲ မုန်းပစ်လိုက်စမ်းပါဟာ တဲ့ ၊
နောက်တစ်ဦးက ဂျင်းစိမ်း နဲ့ မိတ်သလင် ၊ သူကြင်မှ ကိုယ်ကြင် တဲ့ ၊
အနားက တစ်ဦးက ငါသာဆို အသေသတ်ပစ်တယ်တဲ့ ၊
နေကြပါအုံး သူငယ်ချင်းတို့ရယ် ...
ဟိုး ဝေးဝေးမှာ - အသံ တစ်သံ
ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှ ချစ်လော့ တဲ့
အားပါးပါး - ဟတ် ( **Heart** ) ထိသွားပြီ ကိုယ်တော် ဘုရားရေ။
။ ( မသဲ ၁၉း၁၉ ) **ကေမွန်ဝါ**

---

## လက်ဆောင်

ကျွန်မဟာ သူများတွေကို လက်ဆောင် ပေးတာ ဝါသနာ ပါသလို သူများတွေဆီက လက်ဆောင်ကိုလဲ အရမ်း လိုချင်တဲ့သူပါ။ နှစ်စဉ် နှစ်တိုင်း ခရစ်တော်ရဲ့မွေးနေ့မှာ ယုံကြည်သူတွေ ဝမ်းမြောက်ပျော်ရွှင်စွာနဲ့ လက်ဆောင် တွေပေးကြ၊ ဖလှယ် ကြတဲ့အခါ ကျွန်မ တစ်ခါမှ လက်ဆောင် မရ ခဲ့ဖူးပါဘူး။ ဘယ်သူမှလဲ အလိုအလျောက် လာ မပေးဖူးဘူး။ ကျွန်မနဲ့ အရမ်းခင်ပြီး ကျွန်မက ဆိုးလို့နွဲ့လို့ရတဲ့ သူတွေကို "ခရစ်စမတ် လက်ဆောင်ပေးပါ" လို့ အခါခါတောင်းမှ ဘဲ ရတတ်ပါတယ်။

စင်ကာပူကို ရောက်လာတော့ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်က ခရစ္စမတ်မှာပေါ့ ကျွန်မ အရမ်းပေးချင်တဲ့ လက်ဆောင်။ မရှိ ရှိတဲ့ ငွေလေးနဲ့ သူငယ်ချင်း သုံးယောက်ကို လက်ဆောင်ပေးခဲ့ပါတယ်။ သူများတွေ ကျွန်မကို လက်ဆောင် ပြန်ပေးဖို့ ကျွန်မ မျှော်လင့်ခဲ့တာပေါ့။ ဒါပေမဲ့ ဘယ်သူမှ ကျွန်မကို ပြန်မပေးကြပါဘူး။ ရင်ထဲမှာ မျိုသိပ်မထားတတ်တော့ "သူများပေးတဲ့ လက်ဆောင် လိုချင် လိုက်တာ"လို့ ပါးစပ်က တတွတ်တွတ်ပြောနေတော့ ညီမလေး တစ်ယောက် က နားမခံသာလို့နဲ့ တူပါရဲ့ အရုပ်ကလေးတစ်ရုပ် လက်ဆောင်ဝယ်ပေးရှာပါတယ်။ အဲဒီလက်ဆောင်ကို ကြိုက်ပေမဲ့ ကျွန်မ ဝမ်းမသာ နိုင်ခဲ့ဘူး။ ကျွန်မ ဘဝတစ်လျှောက် ရခဲ့တဲ့ လက်ဆောင်တိုင်း တောင်းမှ ရလို့ ကျွန်မ အပြည့်အဝ ဝမ်းမသာနိုင်ခဲ့ပါဘူး။

ကျွန်မရဲ့ ပထမအပါတ် ခွင့်ရက်အပြီး ကျွန်မရဲ့ အလုပ်ခွင်ထဲမှာ ဝမ်းနည်းစွာနဲ့ အတွေးပေါင်း မြောက်များစွာနဲ့ အလုပ်ရှုပ်နေတဲ့အချိန်မှာ ကျွန်မ စဉ်းစားလိုက်မိတယ်။ ကျွန်မ လက်ဆောင်လိုချင်သလို သခင်ခရစ်တော် လည်း လက်ဆောင်လိုချင်မှာဘဲလို့ ကျွန်မဟာ သူငယ်ချင်းတွေကို လက်ဆောင်ပေးဖို့ နိဝင်ဘာလ ကတည်းက ဘာပေးရင်ကောင်းမလဲလို့ စဉ်းစားထားပေမဲ့ သခင်ခရစ်တော်ကိုတော့ လက်ဆောင်ပေးဖို့ လုံးဝ သတိမရခဲ့ဘူး။

အဲဒါမှ ဒုက္ခ။ ကျွန်မရဲ့ ခံစားချက် အမြင့်ဆုံးကိုရောက်ရှိသွားပြီး ကျွန်မ လက်ဆောင်မရလို့ ဝမ်းနည်းနေသလို သခင်လဲ ဝမ်းနည်းနေမှာဘဲ။ နောက်ပြီး ဘယ်သူကမှ ကျွန်မကို အလိုအလျောက် လက်ဆောင် လာမပေးဘူးလို့ ထင်ခဲ့တာ ချက်ခြင်းဘဲ သတိဝင်လာမိတယ်။ ကျွန်မ လူမဖြစ်ခင်ကတည်းက ကျွန်မကို ထာဝရ အသက်လက်ဆောင် ပေးထားတာဘဲ၊ ကျွန်မ ဘက်က ဘာမှ ပြန်မပေးဘဲ အယူသက်သက်ချည်းဘဲ ရှိခဲ့တာဘဲ။ ကျွန်မ အရမ်းဝမ်းနည်းတယ်။ သခင့်ကို ကျွန်မ ဘာပြန်ပေးရမလဲ။ ကျွန်မ ဆုံးဖြတ်လိုက်ပြီ။ သခင် အလိုရှိတဲ့ အသက်တာမျိုးနဲ့ အသက်ရှင်နေထိုင်သွားဖို့...။ အဲဒီ လက်ဆောင် သခင့်ကို ကျွန်မပေးမယ်။ ကျွန်မသာ အဲဒီ လက်ဆောင် ပေးလိုက်ရင် သခင် အရမ်းဝမ်းသာမှာဘဲနော်။ ။ **နေကြိုနှင်း**

---

## သူဌေးသား ( P.T.K )

ဖိုးအေးသည် မအူပင်မှ ရန်ကုန်သို့ ခုတ်မောင်းလာသော သင်္ဘော တစ်စင်းပေါ်တွင် စီးနင်းလိုက်ပါလာရင်း လမ်းခရီးတွင် ဦးဘသာနှင့် အတူတူ ထိုင်မိ၍ စကားတပြောပြောနှင့် လိုက်ပါလာပါသည်။

လက္ခဏာ၊ ဗေဒင် အကြောင်းကို ကောင်းကောင်း လိုက်စား၍ နားလည်ထားသော ဦးဘသာသည် 'တတ်သည့် ပညာ မနေသာ' ဆိုသလို "ဝို့ တူ မင်းလက် ဝို့ကို ပြစမ်း"ဟု ဆို၍ ဖိုးအေး၏ လက်ဖဝါးကို ဖြန့်၍ သေချာစွာ ကြည့်ရှုပြီးမှ "ဟေ့ ဝို့တူ မင်းရဲ့ လက္ခဏာမှာ ထီပေါက်ကိန်း ရှိတယ်ကွ ထီ ထိုးစမ်း" ဟု ဖိုးအေးကို အာဏာသံ ပါပါနှင့် အားရ ပါးရ ပြောချလိုက်ပါသည်။

ထိုအခါ ဖိုးအေးက ပြုံးပြုံးလေးဖြင့် "အဘ ကျွန်တော်က သူဌေးသား အဘရဲ့၊ အဲဒါကြောင့် ကျွန်တော် ထီ ထိုးစရာ မလိုဘူး " ဟုပြန်ပြောလိုက်သောအခါ ဦးဘသာက အံ့သြစွာဖြင့် ဖိုးအေးကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး "မင်း ဦးစိန်ကတုံး ရဲ့ သား မဟုတ်ဘူးလားကွ" ဟု ရင်ထဲမှ မကျေမနပ်သံဖြင့် မေးလိုက်ပါတော့သည်။ အဓိပ္ပါယ် ကတော့ မင်းအဖေ ဦးစိန်ကတုံးဟာ လယ်သမား တစ်ယောက်ပါကွာ၊ ဘယ်က သူဌေး ဖြစ်ရမှာလဲ ဟု ဆိုသော သဘောနှင့် မေးလိုက်ခြင်းပါ။

ဒီလို မေးလာမှာကိုလဲ ဖိုးအေးက ကြိုသိထားပါတယ်။ အဲဒီတော့ ဖိုးအေးလဲ ခရီးသွားရင်း မိမိ ကိုးကွယ်သော ကယ်တင်ရှင်အကြောင်းကို မသိ သေးသော သူများကို ရှင်းပြဖို့ အခွင့်အရေး ရသွားလေတော့သည်။

ဖိုးအေးက "ဟုတ်ပါတယ် အဘ၊ ကျွန်တော့် အဖေဟာ လယ်သမား ဦးစိန်ကတုံး အစစ်ပါဘဲဗျာ၊ ဒါပေမဲ့ ကျွန်တော် ဆိုလိုတဲ့ အဖေ ဆိုတာက ကျွန်တော် ယုံကြည်ကိုးကွယ်တဲ့ ဘုရား၊ ထာဝရ ဘုရားသခင်ဘဲ ဖြစ်တယ်။ ထာဝရ ဘုရားသခင်ဟာ ကမ္ဘာလောက ၊ စကြာဝဠာ တစ်ခုလုံးကို ဖန်ဆင်း ခဲ့တဲ့ အရှင်၊ သက်ရှိသက်မဲ့ သတ္တဝါ အားလုံးကို ဖန်ဆင်းခဲ့တဲ့ အရှင် ဖြစ် ပါတယ်။ အဲဒီအရာအားလုံးကို ပိုင်သ အုပ်စိုးနေတဲ့ အရှင်ဟာ ကျွန်တော် တို့ လိုအပ်နေတဲ့ အရာအားလုံးကို လိုတဲ့အချိန်မှာ ဖြည့်ဆည်း

ပေးနိုင်တဲ့ အရှင် ဖြစ်လို့ ကျွန်တော် ယုံကြည် ကိုးကွယ်နေတာ ဖြစ်ပါ တယ်။ တကယ်လို့ ကျွန်တော် ယုံကြည်ကိုးကွယ်နေတဲ့ အရှင်သခင် ဟာ ချစ်တီးကုလား လောက် တရုတ်ပေါက်ဖော် လောက် မှ မချမ်းသာဘူး ဆိုရင် ကျွန်တော် လုံးဝ ကိုးကွယ်မှာ မ ဟုတ်ပါဘူး။ အဘ ” ဟု သေချာစွာ ရှင်းပြလိုက်သော အခါ ဦးဘသာ တစ်ယောက် နားလည် သဘောပေါက်သွားပါတော့သည်။

**ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်း အခွင့်ကို ငါတို့သည် ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှု ဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကို မသိသောကြောင့် ငါတို့ကိုလဲ မသိကြ။ ချစ်သူတို့ ယခုတွင် ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ ၁ယော ၃း၁–၂**

ဒါ့ကြောင့်မို့ ထီ၊ ချဲ၊ ဖိုးဒီ၊ တိုတို ဘာညာတို့ကို အပါတ်စဉ် အား တက်သရော မှန်မှန် ဝယ်ယူ အားပေးနေကြသော ချစ်သော ညီအစ်ကို မောင် နှမများ အယောက်စီတိုင်းလည်း ဖိုးအေး ကဲ့သို့ “ကျွန်တော်ဟာ သူဌေးသား၊ ထီ ထိုးစရာ မလိုပါ ” ဟု ရဲဝံ့စွာ သက်သေခံနိုင်ကြပါစေလို့ … ။ ။

မေတ္တာဖြင့် … **( P.T.K )**

---

## စိတ်ပျက်အားငယ်မှုကိုအနိုင်ယူနည်း (Sammuel Soe Lwin)



စိတ်ပျက် အားငယ်ခြင်း ဆိုတာ ကောင်းကျိုးကို မပေးနိုင် သော်လည်း ပျက်စီးရာသို့ ရောက်ရန်ကိုတော့ အတော်ပင် စွမ်းဆောင် နိုင်ပါတယ်၊ အချို့ဆိုရင် ဘဝပင် ပျက်ကြလေရဲ့။ စိတ်ပျက်အားငယ်ခြင်း ဆိုတာ အဓိက ကတော့ စိတ်ပိုင်းဆိုင်ရာ ဒုက္ခ တစ်ခုပါဘဲ။ ဒါပေမဲ့ “စိတ်ဆောင်ရင် လိုရာ အောင်တယ်”ဆိုတဲ့ စကား အတိုင်း စိတ်ဓါတ်ပျက်ပြားရင်တော့ ဘဝပျက်ဖို့ ဆိုတာလဲ အတော်လေး နီးစပ်နေပြီမို့ သမ္မာကျမ်းစာတော်၌ “အားယူ၍ ရဲရင့်ခြင်း ရှိကြလော့”ဆိုတဲ့ စကားကို အကြိမ်ကြိမ် အဖန်ဖန် မိန့်တော်မူပါ တယ်။

လူအများစု စိတ်ပျက်အားငယ်ခြင်းကို ကြုံဆုံရချိန်ကတော့ “မိမိရဲ့ အရှိကို အရှိအတိုင်း မမြင်” “မိမိရဲ့ ဘဝ အခြေအနေတွေကို မေ့လျော့”တဲ့ အချိန်မှာ ဖြစ်တတ်ပါတယ်။ ကျွန်ုပ်တို့ ခရစ်ယာန် အသက်တာမှာလဲ စိတ်ပျက် အားငယ်ခြင်းကို ခံစားမိချိန် ၁၀၀ ရာခိုင်နှုန်းမှာ ၉၉ ရာခိုင်နှုန်းက ခရစ်တော်၌ ကျွန်ုပ်တို့ရဲ့ အခြေအနေ အဖြစ်မှန်တွေကို လျစ်လျူရှု မိတဲ့ အချိန်တွေပါဘဲ။ “စိတ်ဆောင်ရင် လိုရာအောင်တယ်”လို့ စိတ်ပညာရှင်တို့က ပင် ကျင့်သုံး ခံယူကြပါက “အသက်ရှင်သော ဘုရား၌ ကျွန်ုပ်တို့ အတွက်မူ ကား လိုရာသာမက အရာရာမှာ အောင်မြင်မှုရဖို့ လွန်စွာသေချာလှပါတယ်။

ထို့ကြောင့် သမ္မာကျမ်းစာတော်မြတ်၌ ကျွန်ုပ်တို့ရဲ့ ဘဝ အခြေအနေ မှန်ကို အနည်းငယ်ဖော်ပြလိုပါတယ်။ ကျွန်ုပ်တို့အားလုံး ခရစ်တော်၌ တပြေးညီပါဘဲ။ ဒီအသိစိတ်နှင့် ယုံကြည်မှုတွေကြောင့် ကျွန်ုပ် ရင်ဆိုင်ရာ အမှုအားလုံး အောင်မြင်နိုင်ရခြင်းပါ။ ဖိ ၄း၁၃

**၁) ခရစ်တော်ဘုရားမြတ်က ကျွန်ုပ်ကို အောက်ပါအတိုင်း လက်ခံထားပါတယ်။**

က – ကျွန်ုပ်ဟာ ဘုရားသခင်ရဲ့ သားသမီး ဖြစ်ပါတယ်။ (ယော ၁း၁၂)

ခ – ကျွန်ုပ်ဟာ ခရစ်တော်ရဲ့ မိတ်ဆွေ ဖြစ်ပါတယ်။ (ယော ၁၅း၁၅)

ဂ – ကျွန်ုပ်ဟာ ဖြောင့်မတ်သောသူ ဖြစ်ပါတယ်။ (ရော ၅း၁)

ဃ – ကျွန်ုပ်ဟာ ခရစ်တော်၌ တစ်လုံး တစ်ဝတည်းလည်း ဖြစ်သလို … ( ၁ကော ၆း၁၇ )

င – ခရစ်တော်ကိုယ်၌က ကျွန်ုပ်ကို ရွေးနှုတ်ထား၍ ဘုရားသခင်နဲ့ ဆိုင်သော သူလည်း ဖြစ်တယ်။ ( ၁ကော ၆း၁၉–၂၀)

စ – ကျွန်ုပ်ဟာ ခရစ်တော်ရဲ့ ကိုယ်အင်္ဂါနဲ့ ဆိုင်သောသူလည်း ဖြစ်သလို … (၁ကော ၁၂း၂၇)

ဆ – သန့်ရှင်းသူလည်း ဖြစ်တယ်။ ( ဧ ၁း၁)

ဇ – ဘုရားရှင်ရဲ့ အိမ်တော်သား ဖြစ်တယ်။ ( ဧ ၁း၅)

ဈ – ဘုရားရှင်ထံသို့ တိုးဝင်ခွင့်ကို ရရှိထားသလို … ( ဧ ၂း၁၈)

ည – ရွေးနှုတ်ခြင်း၊ အပြစ်လွှတ်ခြင်း ကိုလည်း ပေးအပ်ခြင်း ခံထားရတဲ့ သူ ဖြစ်တယ်။ (ကော ၁း၁၄)

ဋ – ထိုမျှမက ခရစ်တော်၌ ကျွန်ုပ်ဟာ စုံလင်သောသူ အဖြစ် လက်ခံခြင်းကို ခံရပါတယ်။ ( ကော ၂း၁၀ )

**၂) ခရစ်တော်၌ ကျွန်ုပ်တို့ရဲ့ အာမခံချက် တွေကတော့ …**

က – အပြစ် စီရင်ခြင်းမှ ထာဝရ ကင်းလွတ်ခွင့် ရသည်။ ( ရော ၈း၁–၂ )

ခ – ကြုံဆုံလာမည့် အရာမှန်သမျှ ကျွန်ုပ် ဘဝကောင်းဖို့ ရာခိုင်နှုန်း ပြည့် ဖြစ်တယ်။ (ရောမ ၈း၂၈)

ဂ – ကျွန်ုပ် တဘက်၌ ဆန့်ကျင်၍ ရပ်နိုင်စွမ်းသူ မရှိ။ ( ရော ၈း၃၁–၃၄)

ဃ – ကျွန်ုပ်နှင့် ဘုရားရဲ့ မေတ္တာတော်ကို ဘယ်အရာကမျှ မဝေးကွာစေနိုင် ပါ။ ( ရောမ ၈ း၃၅– ၃၉)

င – ခရစ်တော်၌ ကျွန်ုပ်ကို အစပြု ဘိသိက်ပေး၍ တံဆိပ်ခပ်ပေးသူကား ဘုရားရှင် ကိုယ်တော်တိုင် ဖြစ်တော်မူ၏။ (၂ကော ၁း၂၁–၂၂ )

စ – ကျွန်ုပ်ကို ခရစ်တော်နှင့် ဘုရားသခင် ဝှက် (ကွယ်ကာ) ထားလျှက် ရှိသည်။ ( ကော ၃း၃)

ဆ – ကျွန်ုပ် ဘဝကို ခရစ်တော်၌ အစပြု ကောင်းကြီးပေးသော အရှင်သည် သစ္စာ သမာဓိနှင့် ပြည့်စုံတော်မူသောကြောင့် အဆုံးတိုင်အောင် ပြုတော်မူ လိမ့်မည်။ ( ဖိ ၁း၆ ၊ ၁သက် ၅း၂၄ )

ဇ – ကျွန်ုပ်ဟာ ကောင်းကင်နိုင်ငံသားတစ်ဦး ဖြစ်ပါတယ်။ (ကောင်းကင် နိုင်ငံသား ကဒ် ရှိပါတယ်) ( ဖိ ၃း၂၀ )

ဈ – ကျွန်ုပ်ကို ကြောက်ရွံ့သော စိတ်သဘောကို ပေးတော်မမူဘဲ၊ ရဲရင့်တည် ကြည် ချစ်တတ်သော စိတ်ကိုသာ အစဉ် ပေးအပ်ထားပါတယ်။ (၂တိ ၁း၇)

ည – အချိန် နေ့ည မရွေး ကျေးဇူးကရုဏာနှင့် မစခြင်းကို အထံတော်၌ ရရှိ နိုင်တယ်။ ( ဟေဗြဲ ၄း၁၆)

ဋ – ကျွန်ုပ်သည် ဘုရားသခင်၏ သား ဖြစ်သောကြောင့် အမှောက်ဘေး ပယောဂ သည် မထိ မခိုက်နိုင်ရာ။ ( ၁ယော ၅း၁၈ )

**၃။ ခရစ်တော်၌ ကျွန်ုပ်တို့ ရဲ့ အရည်အသွေးတွေကတော့ …**

က – ကျွန်ုပ်ဟာ ဤလောကရဲ့ ဆားနဲ့ အလင်း ဖြစ်နေပါတယ်။ ( မ ၅း ၁၃–၁၄)

ခ – ကျွန်ုပ်ဟာ မှန်ကန်သော အသက်ပင်ရဲ့ အကိုင်းအခက်ဖြစ်တယ်။ ( ယော ၁၅း ၁–၅)

ဂ – ကျွန်ုပ်ဟာ အသက်နှင့်ဆိုင်သော အသီးကို သီးပွင့်ဖို့ ရွေးချယ်ခွဲခန့်ခြင်း ခံထားရသူပါ။ ( ယော ၁၅း၁၆ )

ဃ – ကျွန်ုပ်ဟာ အသက်ရှင်တော်မူသော ဘုရားရဲ့ သက်သေခံ တစ်ဦးလည်း ဖြစ်သလို … ( တ ၁း၈ )

င – ဘုရားရှင် ကျိန်းဝပ်ရာ ဗိမ္မာန်တော်လည်း ဖြစ်တယ်။ ( ၁ကော ၃း၁၆ )

စ – ဘုရားရှင်နဲ့ လောကီလူတွေ အကြားမှာ အရေးပါတဲ့ သံတမန် တစ်ဦးလဲ ဖြစ်ပါတယ်။ ( ၂ကော ၅း ၁၇–၂၁ )

ဆ – ထိုမျှမက ဘုရားသခင်ရဲ့ လုပ်ဘော်ဆောင်ဘက်လည်း ဟုတ်တယ်။ ( ၂ကော ၆း၁ )

ဇ – ခရစ်တော်နှင့်အတူ ကောင်းကင်၌ နေရာချထားခြင်း ခံရတဲ့ သူပါ။ ( ဧ ၂း၆ )

ဈ – လောက၌ လက်ရွေးစင်ကောင်းတွေဖြစ်ဖို့ ဘုရားရှင်ကိုယ်၌က ကျွန်ုပ်ကို လမ်းပြပေးနေတယ်။ ( ဧ ၂း၁၀ )

ည – ကျွန်ုပ်ဟာ စိတ်ချမှု အပြည့်နှင့် လွတ်လပ်စွာ ဘုရားရှင်ထံသို့ ချဉ်းကပ် နိုင်ခွင့် ရှိသလို ( ဧ ၃း၁၂ )

ဋ – ထိုခရစ်တော်အားဖြင့် ကျွန်ုပ်ဟာ အရာခပ်သိမ်းကို ပြုလုပ်နိုင်စွမ်းရှိသူပါ။ ( ဖိ ၄း ၁၃ )

အထက်ပါ အခွင့်အရေးတွေကို ခရစ်တော်နှင့် မသက်ဆိုင် သူများက မပိုင်ဆိုင်ပါဘူး။ ဆိုလိုချင်တာက လူတိုင်းက အခွင့်အရေး ရချင်ပေမဲ့ ဒီအခွင့် အရေးတွေကို မရပါဘူး။ ဒါထက် ဝမ်းနည်းစရာ ကောင်းတာက ခရစ်တော်၌ ကျွန်ုပ်တို့အားလုံးက ဒီအခွင့်အရေးတွေကို ရထားကြပေမဲ့ လူတိုင်းက အသုံးမပြုပြန်ဘူး။ ဒါ့ကြောင့်လည်း စိတ်ပျက်အားငယ်ခြင်းတွေ ကြားမှာ အချို့က ပြားပြားဝပ်နေကြရတယ်။ တစ်ချို့ကလည်း သိတော့သိကြ ပါရဲ့၊ အလွဲသုံးနေကြတော့ အကျိုးရှိသင့်သလောက် ဘုရားသခင် နိုင်ငံ တော်အတွက် လည်းကောင်း၊ တစ်ဦးချင်းရဲ့ အတွက်လည်းကောင်း မထိ

ရောက်လှပါဘူး။ ကျွန်ုပ်တို့ဘဝကို ကျွန်ုပ်တို့ အမှန်သိတယ်။ မြင်တယ် ဆိုရင်တော့ ထိုအခွင့်အရေးတွေကြောင့် ကျွန်ုပ်တို့ဘဝမှာ စိတ်ပျက် အားငယ်ခြင်းဆိုတဲ့ ရန်သူကို ကောင်းစွာအောင်မြင်နိုင်ပြီး ဘုရားရှင်လည်း ဝမ်းမြောက်တော်မူ၍ လောကီသားတွေလည်း ကယ်တင်ခြင်း ရရှိကြရမှာ သေချာပါတယ်။

မရှိတာထက် မသိတာ ခက်တယ်။ မသိတာထက် မသိချင်တာက ပိုခက်တယ်တဲ့၊ လောကီသားတွေအဖို့ ဝိညာဉ်နား မရှိသေးတော့ ဝိညာဉ်စကားတော်တွေကို မကြားနိုင်ပေမဲ့ သင်နှင့် ကျွန်ုပ်တို့ အဖို့ကတော့ ခရစ်တော်အား ယုံကြည်လက်ခံလာတဲ့နောက်မှာ ဝိညာဉ်စကားတွေကို ကြားနာနိုင်ခွင့်နဲ့ အတူ အထက်ပါ အခွင့်ထူးတွေကိုလည်း ရရှိကြပါတယ်။

ကျွန်ုပ်တို့ ဘဝ အမှန်နဲ့ အခွင့်အရေး၊ အရည်အသွေးအားလုံးကို မှန်ကန်စွာ ပိုင်းခြားသိမြင် အသုံးချခြင်းဖြင့် စိတ်ပျက် အားနည်း(ငယ်)ခြင်းကို အနိုင်ယူကာ ဘုရားရှင်အား ဝမ်းမြောက်စေရန်လည်းကောင်း လောကီသားများ ကယ်တင်ခြင်း ရရှိစေရန်လည်းကောင်း( ၁တိ ၂း၄) နေ့စဉ်ခရီးကို ချီတက်ကြပါစို့ ။ ။ နာမတော်မြတ်၌ **( Sammuel Soe Lwin )**

---

# သူရောက်လာတယ် (ရေကြည်)

အချိန်မှာ ည(၁၀)နာရီ ခန့်ရှိမည် ဖြစ်ပါသည်။ မီးပြတ်၍ တစ်ရပ်ကွက်လုံး အမှောင်ထုက ဖုံးလွှမ်းနေ၏။ တန်ဆောင်မုန်း လပြည့်နေ့ ဖြစ်၍ လမင်းလေးက အားယူ၍ လင်းပေးရှာ၏။ ထိုညကို မြန်မာလူမျိုး အတော်များများ က“သူခိုးကြီးည” ဟု တင်စားခေါ်ဝေါ်ကြ၏။ ထိုည ရောက်လျှင် ရပ်ကွက်မှ နောက်ပြောင် တတ်သော လူငယ်အချို့သည် လူခြေတိတ်သန်းခေါင်ချိန်မှစ၍ သယ်၍လွယ်ကူသော အိမ်ရှေ့ရှိ ပစ္စည်းများကို တစ်အိမ်မှ တခြားလမ်း(သို့) တခြားအိမ် ဆီသို့ သယ်၍ ရွှေ့ပြောင်းကာ သွားချထားတတ်ကြ၏။ မနက်မိုးလင်း၍ အိမ်ရှင်များနိုးလာမှ မိမိတို့ပိုင် ပစ္စည်းများဖြစ်သော ရေအိုးစင်မှ ရေချမ်းအိုး၊ ပန်းအိုး၊ ကုလားထိုင် စသည်တို့ကို ရပ်ကွက်တွင်း တစ်အိမ်တက်ဆင်း လိုက်ရှာ၍ ပြန်ယူရကြ၏။ အချို့အိမ်ရှင်များက လူငယ်များ၏ နောက်ပြောင် ကျီစယ်မှုကို နားလည်ပေးကြ၍ အချို့မှာ စိတ်ဆိုး တတ်ကြသည်။ စာရိတ္တကောင်းသော အချို့လူငယ်များက အပြောင်အပျက်သဘောဖြင့် နောက်ပြောင်ကြသော်လည်း မသမာသူ အချို့မှာ ထိုညကို အခွင့်အရေးယူ၍ မိမိ မကျေနပ်သော အိမ်ရှင်၏ ပစ္စည်း များကို အမှန်တကယ် ခိုးယူ ဖျက်ဆီးမှုများလဲ ရှိပါသည်။ ထိုသို့ လူငယ်များ အပျော်နောက်ပြောင်သော ညကို “သူခိုးကြီးည”ဟုခေါ်ခဲ့ကြ၏။



ထို့ကြောင့် တစ်ချို့အိမ်များသည် ထိုလူငယ်များကို ချောင်း၍ စောင့်ဖမ်းရန် ညဘက်စောစောအိပ်ကြသည်။ ထိုသူခိုးကြီးည၌ တိတ်ဆိတ် မှုက လွှမ်းမိုးနေ၏။ သူခိုးကြီးညတွင် သူခိုးလဲ မဟုတ် သူခိုးစောင့်ဖမ်းရန်လဲ မဟုတ်သော ကျွန်မ တစ်ဦးတည်းသာ စောစော မအိပ်နိုင်သေးဘဲ ရှိနေစဉ် “ဆရာမ ဆရာမ” ဖယောင်းတိုင်မီးလေး ထွန်းကာ ဘုရားဝတ်ပြုနေသော ကျွန်မသည် ခေါ်သံကြောင့် လန့်သွား၏။ ခေါ်သံတိတ်သွား၍ ကျွန်မ ဆက်လက် ဝတ်ပြုနေ၏။ ထပ်ခေါ်ပြန်၏။ “ဆရာမ ဆရာမ ဆရာမ” ထိုအခါမှ ကျွန်မ ထ၍ တံခါးသွားဖွင့်ရာ မည်သူ့ကိုမှ မတွေ့ရချေ။ ထပ်ခေါ်ပြန်၏။ “ဆရာမ ဆရာ” အသံလာရာကိုနားစွင့်၍ လိုက်ရှာမိ၏။ အောက်ထပ်မှ အဒေါ်ကြီး၏ အသံ ဖြစ်နေ၏။ “ ဒေါ်ဒေါ် ကျွန်မကို ခေါ်လား” ဟုမေးလိုက်မိ၏။ “လာပါအုံး ဆရာမရယ် ဒီမှာ ဘာဖြစ်မှန်း မသိဘူး” ကျွန်မ အလန့်တကြားနှင့်ပြေးဆင်းသွားမိ၏။ သူမ၏ မြေးလေး တက်နေသည်ကိုတွေ့ရ၏။ ကျွန်မ ကမန်းကတန်းအပေါ်တက်ပြေးလာ၏။

အဒေါ် ကြီးမှာ ကျွန်မအား လှမ်းခေါ်၏။ “ဆရာမ လုပ်ပါအုံး လာပါ” “ခဏလေး ခဏလေး၊ ကျွန်မ ဖယောင်းတိုင်မီး ထွန်း ထားခဲ့လို့ ငြိမ်းလိုက်အုံးမယ်။ ပြန်ဆင်းလာမယ်။” ပြောသာ ပြောလိုက်ရသည်။ ကျွန်မ၌ ဒီလိုမျိုး အတွေ့အကြုံမရှိ၍ ဘာမှမလုပ်တတ်။ အိမ်တံခါးပိတ်၍ ပြန်ဆင်းလာခဲ့ပြီး ကလေးအား ကောက်ချီကာ နီးရာဆေးခန်းသို့ ပြေးထွက်ခဲ့၏။ ဆေးခန်းမှာ ပိတ်သွားပြီဖြစ်၏။ သို့ပေမဲ့ ဆေးခန်းနှင့်အိမ်မှာ တွဲလျက်ဆောက်ထား၍ ထိုအိမ်၌ သူနာပြု ဆရာမကြီး နေထိုင်၏။ ထိုဆရာမကြီးအား မရ ရအောင် လှမ်းခေါ်၏။ ဆရာမ ကြီး က ခြံဝသို့လာ၍ကလေးအား လှမ်းကြည့်လိုက်၏။ ကလေးမှာ အကြော ဆန့်ငင်ဆန့်ငင်နှင့် တက်နေ၍ “ ဆေးရုံသွား၊ ဆေးရုံသွား” ဟုပြောလွှတ်၏။ ကျွန်မလည်း ကလေး အကြာကြီး တက်နေလျှင် သေမည်စိုးရိမ်၍ “ဆရာမကြီးရယ် ကျေးဇူးပြု၍ တတ်နိုင်သလောက် လုပ်ပေးပါ၊ နောက်ပြီးရင် သွားပါ့ မယ်” ဟုတောင်းပန်မိ၏။

“ကျွန်မ သွားလို့ပြောရင် သွားပါဆို” ဟု သူမက အသံမာနှင့် ပြောပြီး ခြံတံခါး မဖွင့်ပေးသဖြင့် ကျွန်မတို့ ဘာမှမတတ်နိုင်။ ကလေးငယ်ကို ပွေ့ချီ၍ စိတ်ပျက်စွာ ပြန်ခဲ့ရ၏။ နောက်တစ်လမ်း၌ တိုင်းရင်းမြန်မာ ဆေးဆရာ ရှိသည်ကို ကျွန်မ သတိရသွား၍ ထိုလမ်းထဲသို့ ပွေ့ချီသွားကာ ဆရာ့ကိုသွားနှိုးပြန်၏။ အဒေါ်ကြီးမှာလည်း ကြံရာ မရတော့၍ နောက်မှ မလိုက်နိုင်လိုက်နိုင်နှင့် လိုက်လာရှာ၏။ ခွေးကိုက်မှာစိုး၍ ခြံဝမှနေပြီး ဆရာ့အား လှမ်းခေါ်ရာ “ဆရာ လူနာသွားကြည့်တယ်” ဟုပြော၍ တံခါး မဖွင့်ပေးကြ။ ကျွန်မ ထပ်စဉ်းစားပြန်၏။ ဟိုဘက်ရပ်ကွက်၌ သူနာပြုဆရာမ တစ်ယောက်ရှိ၍ ကလေးပွေ့ကာ သွားနှိုးပြန်၏။ “မွေးလူနာသွားကြည့်တယ်” ဟုဖြေ၍ တံခါး မဖွင့်ပေးခဲ့ပြန်ပါ။ နောက်ဆုံးတော့ ဆေးရုံသွားဖို့သာ ရှိတော့၏။ ဟိုပြေး ဒီပြေးနှင့်မို့ အချိန်မှာ ည(၁၁)နာရီ ခွဲနေပြီဖြစ်၍ ဆိုက်ကားက ငှား ၍မရ။ ဆိုက်ကား ဆရာအိမ် သွားနှိုး၍ ဆေးရုံပို့ခိုင်းခဲ့ရ၏။

ဆေးရုံရောက်တော့ သူနာပြုဆရာမများက အကျိုးအကြောင်း မေး၍ ရေးမှတ်လိုက်ကြပြီး ဆေးတစ်လုံးကျွေးကာ ကလေးငယ်အား ကုတင်ပေါ် တင်ပေးလိုက်၏။ ဆရာဝန်ကို စောင့်ခိုင်း၏။ ကလေးငယ်မှာ လမ်း၌လည်း ဆန့်ငင် ဆန့်ငင်ဖြစ်လာပြီး တက်သွားလိုက်၊ ရပ်သွားလိုက်နှင့် အခုဆေးရုံ၌လည်း ထိုသို့ တက်လိုက်ရပ်လိုက်နှင့်ဖြစ်နေ၍ အဖွားဖြစ်သူမှာ စိုးရိမ်စိတ်ကြီးကာဆရာမ များအား “ဒီလိုဘဲ အကြာ ကြီးထားမှာလား” ဟုသွားမေး၏။ ဆရာမမှ “ဆေးရုံ တင်ရမှာပေ့ါ အဒေါ်ကြီး အိပ်ယာလိပ်တွေ ပစ္စည်းတွေ သွားပြန်ယူပါ” ဟုပြောလိုက်၏။ အဒေါ်ကြီးမှာ မျက်စိ မျက်နှာပျက်နှင့် ကျွန်မအား လာမေး၏။ “ဆရာမ ကျွန်မ ဘယ်လို လုပ်ရမလဲ။ ကျွန်မတော့ ဆေးရုံတင်ခဲ့လို့ မဖြစ်ဘူး။ လုပ်ပေးမဲ့လူလည်း မရှိ။ ဒီမှာလည်း ကလေးက တက်နေတုန်းပဲ။ သေချင်လဲ အိမ်မှာပဲ သေပါစေတော့။ ဆရာမပဲ တတ်သလောက် မှတ်သလောက် ကုပေးပါ” ဟု လက်နှစ်ဖက်ကို ကိုင်၍ ပြောလာ၏။

ကျွန်မကလည်း ကလေးသေမည် စိုးရိမ်၍ “ ဟာ ဒေါ်ဒေါ်ကလည်း ကျွန်မက ဆေးရုံ ဆရာမမှ မဟုတ်တာ ကျောင်းဆရာမဆိုတော့ စာဘဲ သင်တတ်တာ။ အိမ်ထက်စာရင် ဒီဆေးရုံက ပိုကောင်းတာပေ့ါ။ အိမ်မှာဆို လူတွေလာကြည့်ပြီး တစ်ယောက် တစ်မျိုး လုပ်နေတာနဲ့၊ မသေသင့်ပဲ သေနေအုံးမယ်။ ဆေးရုံတင်ထား လိုက်ပါ” ဟုပြောပြမိ၏။ ဒါပေမဲ့ ထိုအဒေါ်ကြီးက ကျွန်မအဖြေကို လက်မခံဘဲ ဆေးရုံမှ သူနာပြု ဆရာမတွေဆီသွား၍ အကျိုးအကြောင်းသွား ပြောပြ၏။ “ဆရာမတို့ရယ် ကျေးဇူးပြု၍ ကျွန်မ ပြောတာ နားထောင်ပါ။ ကျွန်မက ဒီကလေးရဲ့ အဖွားပါ၊ ကလေး အဖေက ကျွန်မသား အခု ဆုံးသွား ပြီ။ အမေက ကုန်ရောင်း သွားနေလို့ ကျွန်မနဲ့ ထားခဲ့တာ။ ပြီးခဲ့တဲ့ လက ကျွန်မက လက်ကျိုးထားတာမို့ ဘာမှ အလေးအပင် မလို့ မရတော့ ဘူး။ ဒါကြောင့် အိမ်နီးချင်း ကျောင်းဆရာမလေးက ချီလာပေးရတာ။ အိမ်မှာလည်း ကိုယ်ခွဲ မရှိတော့၊ ဆေးရုံ တက်မယ်ဆို နောက်ဆက်တွဲတွေ ကျွန်မ မတတ်နိုင်ဘူး။ သူ့အမေပြန်လာရင် ကျွန်မဂရု မစိုက်ဘူးဆိုပြီး အပြစ်ဖို့အုံးမယ်။ ကျွန်မ အိမ်မှာပဲ ပြန်ကုတော့မယ် ဆရာမ” ဟုပြောရှာ၏။

“ဒါဆို အဒေါ်ကြီးသဘောနဲ့ အဒေါ်ကြီး ကလေးကို ဆေးရုံက ခေါ်ဆင်း သွားတာဖြစ်တဲ့အတွက် လက်မှတ်ထိုးရမယ်”ဟု ဆရာမများက လက်မှတ်ထိုးခိုင်း၏။ အဒေါ်ကြီးမှာ လက်မှတ် ထိုးလိုက်၏။ ကျွန်မလည်း ထိုအဒေါ်ကြီးအား ပြောမရသည့်အဆုံး ကလေးအားပွေ့ချီ ကာ ဆိုက်ကားနှင့် ပြန်ခဲ့၏။ အချိန်မှာ ည(၁၂)နာရီခွဲနေပြီဖြစ်၍ ကျွန်မ ရင်ထဲ စိုးရိမ်စိတ်ဝင်လာမိ၏။ ထို့ကြောင့် ကလေးငယ်အား ကျွန်မ၏ ရင်ခွင်ထဲ ပွေ့ဖက်၍

အပေါ်မှ ကျွန်မ ခေါင်းငုံ့ကာ ကလေးအပေါ် ခေါင်းမိုးထားလိုက်၏။ နှုတ်မှလည်း ကျမ်းစာများကို တွင်တွင် ဆိုနေမိ၏။

"ဆရာမ ဘယ်ကို နင်းရမှာလဲ" ဆိုက်ကားဆရာ၏ အမေးကို ကျွန်မ မဖြေအားပေ။ "အိမ်ကိုပဲ မောင်း သားရေ" ဆိုက်ကားနောက်မှ စီးလာသော အဒေါ်ကြီးက ဖြေလိုက်၏။ အိမ်ပေါ်ရောက်သည်နှင့် ကျွန်မ ဘာလုပ် ရမည်ကို စဉ်းစားနေ၏။ အဒေါ်ကြီးမှ မျှော်လင့်ချက်ကြီးစွာဖြင့် ကျွန်မ မျက်နှာတလှည့်၊ ကလေး မျက်နှာ တလှည့်သာ ကြည့်နေ၏။

"ဒေါ်ဒေါ် ကျွန်မကို ကြက်သွန်ဖြူတစ်ဥ ယူလာပေးပါ" ဖျားတဲ့ ကလေး တွေရဲ့ ယပ်ထိပ်က မာမီ မှုတ်တာတွေကို ကျွန်မ တွေ့ဖူးထား တယ်လေ။ "ဟာ ဆရာမကလည်း ကြက်သွန်နီနဲ့ မှုတ်တာပါ" "ဟုတ်ကဲ့ ဟုတ်ကဲ့ မှားသွားလို့။ ကြက်သွန်နီကို ပြောတာပါ" ကျွန်မမှာ ကယောင် ကတမ်းနှင့် ကိုယ် ပြောသည့် စကားတောင် ကိုယ်သတိ မထားလိုက်မိပေ။ ထို့နောက် ကြက်သွန်နီကို ထိပ်ဖြတ်၍ ကလေးငယ်၏ ယပ်ထိပ်မှ ကျွန်မ တလှည့်၊ အဒေါ်ကြီး တလှည့်၊ မှုတ်ကြ၏။ အတက်က မကျ။ ကျွန်မလည်း ကြံရာမရ ဖြစ်နေစဉ် ခေါင်းထဲ၌ အကြံတစ်ခုပေါ်လာ၏။ "ဒေါ်ဒေါ် ပန်းကန်လုံးနဲ့ ရေနည်းနည်းပေးပါ" အဒေါ်ကြီးမှာ ကျွန်မအား ယုံကြည်မှုအပြည့်နှင့် ပျာပျာသလဲ ယူလာရှာ၏။ ကျွန်မကိုလည်း စိုက်ကြည့်နေ၏။ ကျွန်မသည် ခြေထောက်ကို တင်ပျဉ်ခွေ ထိုင်ကာ ကလေးငယ်အား ပွေ့ထားသဖြင့် အပေါက်ဝနားသို့ ဖင်တရွတ်တိုက်ဆွဲကာ သွား၍ ပန်းကန်လုံးအား မြှောက်ပြီး ဘုရားသခင်အား အာရုံပြု ဆုတောင်းလိုက်၏။ ထို့နောက် ထိုရေကို ကလေးငယ်ကိုယ် ပေါ်သို့ တောက်ပေးလိုက်၏။ ပါးစပ်မှလည်း (၃)စက် ချပေးလိုက်၏။ ကိုယ်မှ ခြေဖျားအထိ ထိုရေဖြင့် အနည်းငယ် သပ်ချပေးလိုက်၏။ ကလေးငယ်မှာ ငြိမ်ကျသွား၏။ ကျွန်မလည်း လန့်သွား၏။ သေများ သေသွား လို့လား။ မျက်လုံးလေးအား အသာဖြဲကြည့် ၏။



ရင်ဘတ် ကလေးအား အသာစမ်းကြည့်၏။ သွေးလည်ပတ်ဆဲပင် ရှိ၏။ ကျွန်မ ထိုသို့ မပြုစုခဲ့ဖူးသဖြင့် တစ် ယောက်တည်း ကြိတ်ပြီး ကြောက်နေမိ၏။ ထိုကလေး နောက်ထပ် တက်လျှင် ဖြစ်စေ၊ သေသည် ဖြစ်စေ၊ ကျွန်မ မလုပ်တတ်တော့ပေ။ ဘုရားလက်သာ အပ်၍ အစွမ်းကုန် ပြုစုခဲ့ပေး၏။ အဒေါ်ကြီးကိုတော့ "ဒေါ်ဒေါ် ကလေး အိပ်သွားပြီ" ဟုနှစ်သိမ့်လျက် အိပ်ယာထဲ ထဲ့ပေးခဲ့၏။ ကျွန်မ ကမန်းကတန်း အိမ်ပေါ် ပြေးတက်လာ၍ ဘုရားသာ တွင် တွင်ရှိခိုးရင်း အိပ်ပျော်သွား၏။

နောက်တနေ့ မနက်(၇)နာရီ ခန့်၌ ကျွန်မ အပြင်သွားရန် အောက်ထပ်သို့ ဆင်းလာစဉ် ကလေးငယ်မှာ ကျွန်မအား မျက်တွင်းဟောက် ပက်နှင့် "ချရာမ၊ ချရာမ ခြားပါအုံးရား" ဟု မပီကလာ ပီကလာနှင့်ပြော၍ ပန်းကန်လေးကို လက်နှစ်ဖက် နှင့် လှမ်းပေးလျက် လှမ်းခေါ်နေ၏။ ကျွန်မ တအားပျော်သွား၏။ ကျွန်မ၏ ပျော်ရွှင်မှု နောက်ကွယ်တွင် "ညက သူရောက်လာတယ်" ဆိုသော အသိ ပင်ဖြစ်၏။ အဖဘုရား ပေးသော ရေစင်လေးဖြင့် "မင်းမင်း (ကလေး၏အမည်) တစ်ယောက် ပြုံးပျော်နေခြင်း သည် ကျွန်မ အတွက်တော့ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ ခဲ့ပါသည်။ ထိုအဒေါ်ကြီးမှလည်း ညက ပြခဲ့သော ကျွန်မ၏ လက်စွမ်းကို တခြားသူများကို အားရပါးရ ပြောပြ ရင်း ကျွန်မကို လှမ်းပြုံးပြကာ လက်မထောင်ပြနေ၏။ လမ်းလျှောက်လာရင်း ကျွန်မ တွေးနေမိ၏။ သား သမီးများ ဒုက္ခရောက်ပါက မိဘများသည် သမ္မာကျမ်းစာ ထဲမှ နတ်ဆိုးစွဲသော သမီးအတွက် သခင်ယေရှုထံ အသနားခံနေသော ခါနန် အမျိုးသမီး၏ အဖြစ် အပျက်ကို မြင်ယောင်နေမိပါတော့သည်။ ( မဿဲ ၁၅း၂၁–၂၈)

ထို့အတူပင် ကျွန်မလည်း ထိုကလေးငယ်အား မိမိ၏ သားပမာ သေမည်စိုးရိမ်၍ တနေရာပြီး တနေရာ ရင်ခွင်ပိုက်၍ ပြေးလွှားခဲ့ပုံ၊ ကြံရာမရ၍ ဘုရားလက် အပ်ခဲ့ပြီး ဘုရားတက် ရှိခိုးရင်း ရင်ဖိုနေခဲ့ပုံများကို တွေးကာ ... ဩော် – လူဆိုတာ သားသမီးရှိမှ ပူတတ်တာ မဟုတ်ပါဘူး။ ကိုယ်ချင်းစာ မေတ္တာတရားသာရှိခဲ့ရင် ကိုယ်နှင့်စပ်ဆိုင်သော သူတွေအတွက် အမြဲ စိုးရိမ်ပူပန်တတ်ကြောင်း သိလာခဲ့ရပါသည်။ လောက တွင် ဉာဏ်ပညာမြင့်မား သူတို့သာလျှင် သင်ယူခွင့်ရသော ဆေးပညာကို ကျွမ်းကျင်စွာ မတတ်သော သမီး(ကျွန်မ)အား အဘဘုရား၏ ကျေးဇူးတော် ဖြင့် လူမမာ ကလေးငယ်ကို ကုသခွင့် ပေးခဲ့သည့်အတွက် ကျေးဇူးတော် ချီးမွမ်း သက်သေခံလိုက်ရပါသည်။ ။ အားလုံးကို ကျေးဇူးတင်လျက် ...( **ဧရကြည်** )

---

## ယေရှုခရစ်သည့် ဘုရားလော လူသားလော (အနှစ်ချုပ်)

အချို့သော ခရစ်ယာန်များပင် သခင်ယေရှုအကြောင်းနှင့် ပတ်သက်၍ ကောင်းစွာ နားမလည်ကြပါ၊ အခြားသော ဘာသာဝင် သူတို့က ယေရှုသည် ကြီးမြတ်သော သူတဦး။ အံ့ဘွယ်သော ဆရာတဦး အဖြစ် ယူဆကြပါသည်။ အချို့က ခရစ်ယာန်ဘာသာကို ထူထောင်သော သူတဦး အဖြစ် ပြောဆိုကြပါသည်။ သို့သော် ယေရှုက မိမိသည် ဘုရားဖြစ် ကြောင်း ကြေညာ ခဲ့ပါသည်။

ယေရှုက **ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်။** (ယော ၁၀း၃၀)

ယေရှုက မိမိသည် ခမည်းတော်နှင့် တဦးတည်းဖြစ်ကြောင်း ပြောခြင်းကို ကြားသော ယုဒလူတို့သည် သူ့ကို ပစ်သတ်ရန် ကျောက်ခဲကို ကောက်ယူကြစဉ် ယေရှုက ငါသည် ငါ့ခမည်းတော်၏ အခွင့်နှင့် ကောင်းသော အမှုအများ တို့ကို သင်တို့အားပြပြီ၊ အဘယ်မည်သော အမှုကြောင့် ငါ့ကို ခဲနှင့် ပစ်ကြမည်နည်း။ ယုဒလူတို့က သင်သည် လူဖြစ်လျက်ပင် ဘုရားသခင်ဖြစ် ယောင်ဆောင်၍ ဘုရားသခင်ကို လွှန်ကျူးသော စကားကြောင့် ခဲနှင့် ပစ်မည်ဟု ဆိုကြ၏၊

ယေရှုသည် ကေန် ဘုရားသခင် မဟုတ်ခဲ့သော် မိမိသည် ဘုရားသခင် ဖြစ်ကြောင်း ပြောခြင်းသည် အလွန်ကြောက်စရာ ကောင်းပါသည်။ ထိုသို့ဆိုလျှင် သူသည် လူလိမ်တစ်ဦးနှင့် လှည့်ဖြားသူ တစ်ဦးသာ ဖြစ်ပြီး လူကောင်း တစ်ဦးအဖြစ် မခေါ်ထိုက် ပါ။

ကျမ်းစာ၌ ယေရှုသည် ဘုရားသခင် ဖြစ်ကြောင်း သွန်သင်ပါသလား။ အမှန်ပင် သွန်သင်ထားပါသည်။ ယေရှုသည် ဘုရားသခင် ဖြစ်ကြောင်း ကျမ်းပိုဒ်များစွာ၌ ရှင်းလင်းစွာ တွေ့ရပါသည်။

**အစအဦး၌ နှုတ်ကပါတ်တော် (သခင်ယေရှု) ရှိ၏။ နှုတ်ကပါတ်တော်သည် ဘုရားသခင်နှင့် အတူ ရှိ၏။ နှုတ်ကပါတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။ နှုတ်ကပါတ်တော်သည်လည်း လူ့ဇာတိ အဖြစ်ကိုခံယူ၍ ငါတို့ တွင်တည်နေတော်မူသည်။ (ယော ၁း၁–၁၄)**

*** သားတော်ကိုကား၊ အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရ ပလ္လင် ဖြစ်ပါ၏။ (ဟေဗြဲ ၁း၈)**

*** အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ (ကော ၂း၉)**

* ယေရှုက မိမိသည် ဘုရားသခင် ဖြစ်ကြောင်း ကြေညာခဲ့၏၊ ယေရှုက **ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။(ယော ၁၄း၉)**

* ယေရှုသည် တပည့်တော်တို့အား မိမိကို ဘုရားအဖြစ် ရှိခိုးကိုးကွယ်ခြင်း အား ခွင့်ပြုခဲ့သည်။ ရှင်ပြန်ထမြောက်ပြီးနောက် ယေရှုသည် သောမအား ထင်ရှားပြလျှက် **သောမကလည်း အကျွန်ုပ်၏ အရှင်၊ အကျွန်ုပ်၏ ဘုရားသခင် ဖြစ်တော်မူ၏ဟု ပြန်၍ လျှောက်၏။(ယော ၂၀း၂၈)**

* ထာဝရဘုရားက **ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံး သောသူဖြစ်၏၊ ငါမှ တပါး အခြားသော ဘုရားသခင်မရှိ။ (ဟေရှာ ၄၄း၆)**

* (ဗျာ ၂၂း၁၃)တွင် သခင်ယေရှုက **ငါသည် အာလဖဖြစ်၏၊ ဩမေဃလည်း ဖြစ်၏၊ အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။** ယေရှုက သူသည် အဦးဆုံးသောသူ။ နောက်ဆုံးသောသူ ဟုပြောခြင်းက မိမိသည် ဘုရားသခင် ဖြစ်ပေသည်၊ ဟုဆိုလိုခြင်းဖြစ်သည်။

*** လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ သားတော်ကို ရိုသေစေမည်အကြောင်း၊ ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ၊ တရားစီရင်ခြင်း အခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏၊ သားတော်ကို မရိုသေသောသူ မည်သည်ကား၊ သားတော်ကို စေလွှတ်တော်မူသော ခမည်း တော်ကို မရိုသေသောသူ ဖြစ်၏၊ (ယော ၅း၂၂–၂၃)**

ယေရှုသည် ကေန်အမှန် ဘုရားသခင် ဖြစ်၏၊ သူသည် အစဉ်အမြဲ ဘုရားသခင် ဖြစ်သလို နောင်လည်း အစဉ်အမြဲ ဘုရားသခင် ဖြစ်ပေလိမ့်မည်၊ သို့သော် သူသည် လူသားတစ်ဦးအဖြစ် အသက်ရှင်ခဲ့ဖူးပါသည်၊

သခင်ယေရှုအား ဘုရား၏လူသား ( **the Man of God**) ဟု ခေါ်ခဲ့ကြပါသည်၊ သူ့အတွက် အကောင်းဆုံး နာမည်တခု ဖြစ်ပြီး ကေန် ဘုရားသခင် ဖြစ်၍ လူသားတဦးလည်း ဖြစ်ခဲ့ပါသည်၊ လူသားတဦးအဖြစ် ကမ္ဘာမြေပေါ်၌ နေထိုင်ခဲ့ခြင်းက သခင်ယေရှုသည် ကျွန်ုပ်တို့အား လုံးဝ နားလည်မှုရှိပါသည်၊ သူသည် စုံစမ်းသွေးဆောင်ခံရခြင်း၊ နားလည်လွဲမှု ခံရခြင်း၊ မုန်းတီးမှု ခံရခြင်း၊ ဆင်းရဲ ခံရခြင်းနှင့် ညှဉ်းဆဲ ဒုက္ခခံရခြင်းများကို သိတော်မူ၏၊ သူသည် လူသားတစ်ဦးအဖြစ် အသက်ရှင်ခဲ့ခြင်းကြောင့် ဒုက္ခ ဆင်းရဲခြင်းနှင့် စုံစမ်း သွေးဆောင်ခြင်းကို ကောင်းစွာသိတော်မူပေသည်၊ သူသည် ဘုရားသခင် ဖြစ်သောကြောင့် သူ့ကို ခေါ်သောအခါ ကျွန်ုပ်တို့ကို မစ ခြင်းငှါတတ်နိုင်ခြင်းက အံ့သြဘွယ်ဖြစ်သည်၊

ယေရှု၏ နာမတော်၌ တန်ခိုးရှိသည်၊ သခင်ယေရှု၏ ဘုရား ဖြစ်ခြင်းနှင့် သူ၏ လုပ်ဆောင်ခြင်းများကြောင့် သူ၏နာမသည် တန်ခိုးကြီး ပေသည်၊ ယေရှု၏ နာမ တန်ခိုးကြီးခြင်းသည် ...

၁) လူသားများကို ကယ်တင်ခြင်းအမှု၊

၂) ဆုတောင်းခြင်း အမှု၊

၃) စာတန်ကို ရင်ဆိုင်တိုက်လှန်ခြင်းအမှု ၊ စသည်တို့အပေါ်၌ တွေ့ရပါသည်၊

**၁။ လူသားများကို ကယ်တင်ခြင်းအမှု၌ ယေရှု၏ နာမသည် တန်ခိုး ကြီးခြင်း။**

ကျမ်းစာက **အကြောင်းမူကား ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့၊ (ရော ၁၀း၁၃)**

သင်သည် ကယ်တင်ခြင်းသို့ ရောက်ကြောင်း မသိသေးပါက၊ ကယ်တင်ခြင်းသို့ ရောက်လိုသော် သခင်ယေရှု၏ နာမဖြင့် ထာဝရဘုရားထံ ပဌနာပြုပါ၊ သူ့ထံသို့ သင့်၏နှလုံးသားကို ဖွင့်လျှက် ဆုတောင်းစကားပြောပါ။

သခင်ယေရှု ထံသို့ သင်၏ ဒုစရိုက် အပြစ်များကို ဖေါ်ပြ ဝန်ချပါ၊ သင့်ကို ချစ်၍ သင့်ဒုစရိုက်အပြစ်များအတွက် အသေခံခဲ့ခြင်းအတွက် ကျေးဇူး တင်ပါ၊ သင်၏ စိတ်နှလုံးထဲသို့ ဝင်ရောက်လာရန် ခေါ်ဖိတ်ခြင်းဖြင့် သင်၏ ကယ်တင်ရှင် ဖြစ်စေပါ၊ သူသည် သင်၏ ဆုတောင်းသံကို နားညောင်း ပြီး သင့်ကို ကယ်တင်ပေမည်။

**ငါ့ထံသို့ လာသောသူကို ငါသည် အလျှင်းမပယ်၊ (ယော ၆း၃၇)**

**၂။ ဆုတောင်းခြင်း အမှု၌ ယေရှု၏ နာမသည် တန်ခိုးကြီးခြင်း။**

ကျွန်ုပ်တို့သည် ခမည်းတော်ဘုရားသခင်ထံ ယေရှု၏နာမဖြင့် အမြဲ ဆုတောင်းသင့်သည်၊ သူ၏နာမသည် တန်ခိုးရှိသည်၊ ကျမ်းစာ၌ အမိ ဝမ်းတွင်းကပင် ခြေမစွမ်းသော သူတယောက်ကို ဗိမ္ဘာန်တော် တခါး၌ တောင်းစားခြင်းငှာ သူတပါးတို့သည် ချထားကြ၏၊ နေ့တိုင်း ထိုသူကို ဗိမ္ဘာန်တော်သို့ သယ်လာ၏၊ ထိုသူကို မြင်သောအခါ ပေတရုက ငါ၌ ရွှေငွေ မရှိ၊ ရှိသည့်အရာကို သင့်အားငါပေးမည်၊ နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် ထ၍ လှမ်းသွားလော့ ဟုဆို၏၊ ထိုသူသည် ရုတ်တရက်ထ၍ မတ်တတ်ရပ်ပြီးလျှင် လှမ်းသွားလျက်၊ ခုန်လျက်၊ ဘုရား သခင်ကို ချီးမွမ်းလျက်၊ တမန်တော် တို့နှင့်အတူ ဗိမ္ဘာန်တော်သို့ဝင်လေ၏။ လူများတို့သည် မြင်၍ အံ့သြ သောအခါ ပေတရုက ယေရှုနာမ၏ တန်ခိုး ကြောင့် ဖြစ်ကြောင်း ပြောဆိုလေ၏။ **ထို သခင်ကို ယုံကြည်ခြင်းအားဖြင့် ထိုသခင်၏ နာမတော်သည် သင်တို့သိမြင်သော ဤသူအား အစွမ်းကို ပေးတော်မူပြီ (တ ၃း၁၆)**၊ အံ့ဘွယ်ယေရှု၏ နာမဖြင့် ခမည်းတော် ဘုရားသခင်ထံ ယခုပင် ဆုတောင်းပါ၊ သင်၏ မိတ်ဆွေများနှင့် ချစ်ခင်သူများအတွက် ကယ်တင်ခြင်း သို့ရောက်ရန် ဆုတောင်းပေးပါ၊ သင်၏ လိုအပ်မှုများအတွက်ကိုလည်း ဆုတောင်းပါ၊ သခင်ယေရှုက ...

**ယခုတိုင်အောင် ငါ၏ နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး၊ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာ တောင်း ကြလော့၊ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်၊ (ယော ၁၆း၂၄)**ဟု ဆိုထား ပါသည်။

**၃။ ယေရှု၏ နာမသည် စာတန်ကို ရင်ဆိုင်တိုက်လှန်ခြင်း အမှု၌ တန်ခိုး ကြီးခြင်း။**

ရန်သူစာတန်သည် ကျွန်ုပ်တို့ကိုမုန်းပြီး ဖျက်ဆီးလိုသည်၊ ကျမ်းစာ က **သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟု၍ လှည့်လည် ရှာဖွေလျက်ရှိ၏၊ (၁ပေ ၅း၈)**ဟု သတိပေးထားပါသည်။ ယေရှုသည် သင်၏ ကယ်တင်ရှင် ဖြစ်ခဲ့သော် သင်သည် စာတန်နှင့် သူ၏နတ်ဆိုးများကို ကြောက် စရာ မလိုပါ၊ ကျမ်းစာက

**မာရ်နတ်ကို ဆီးတားကြလော့၊ သို့ပြုလျှင်၊ သူသည် သင်တို့ထံက ပြေး သွားလိမ့်မည်၊ (ယာ ၄း၇)** ဟုဆိုထားပြန်သည်။

* မာရ်နတ်ကို မည်ကဲ့သို့ ဆီးတားမည်နည်း။

ယေရှု၏ နာမဖြင့် ဆီးတားမည်၊ ယေရှုသည် စာတန်ကို အနိုင် ယူခဲ့ပြီး၊ သင့်အား သူ၏နာမကို ဆွဲကိုင်အသုံးပြုခွင့် အမှန်ပေးခဲ့ပြီး ဖြစ်သည်။ တမန်တော် ဝတ္ထု၌ နတ်ဆိုးစွဲသော မိန်းမငယ်တယောက် အကြောင်းကို ဖတ် ရပါသည်၊ သူမသည် ပေါလု၏ နောက်သို့ ရက်ပေါင်းများစွာလိုက်သော ကြောင့် ပေါလုသည် စိတ်မသာလျှက် လှည့်ကြည့်၍ သူမ အထဲ၌ရှိသော နတ်ဆိုးအား သင်သည်သူ၏ အထဲမှထွက်သွားလော့၊ ယေရှုခရစ်၏ နာမ တော်ကို အမှီပြု၍ ငါအမိန့်ရှိ၏ ဟုထိုနတ်ကို ဆိုသော ခနချင်းတွင် နတ်ဆိုး သည် ထွက်သွား၏၊

**ယေရှုကိုပဌနာပြုပါ။**

သခင်ယေရှု၏ နာမကိုခေါ်၍ ယခုပင် စတင်ဆုတောင်းပါ၊ သင်လို သော အရာများအတွက် သူ့ထံတွင် ဆုတောင်းနိုင်ပါသည်၊ သူသည် တန်ခိုး ကြီးသော ဘုရား၏သားတော် ဖြစ်ပြီး သင့်ကိုချစ်သည်၊ သင်သည်သူ့ကို အားကိုးရန် သူအလိုရှိသည်။ ယေရှုက –

**အမှုရောက်သည့် ကာလ၌ ငါ့ကိုပဌနာပြုလော့၊ ငါသည်ကယ်လွှတ်မည်၊ သင်သည်လည်း ငါ့ကို ချီးမွမ်းလိမ့်မည်ဟု မိန့်တော်မူ၏၊ (ဆာ ၅၀း၁၅)**

ယေရှုသည် တန်ခိုးကြီးသောဘုရား ဖြစ်သောကြောင့် သင်သည် သူ့ကို ခေါ်ပါ၊ သူသည် သင့်ကို ကယ်မလိမ့်မည်။ ။ **(အနန္တရှုး)**

---

## ယိုပေါက် (သားကြီး)

ကျွန်တော်တို့ ယုံကြည်သူ ခရစ်ယာန် အ သက်တာမှာ မြင်နိုင်သော ကောင်းကြီးများ ခံစားရ သလို၊ မမြင်နိုင်သော ကောင်း ကြီးများစွာ ကို လည်း ခံစား ရရှိကြပါတယ်။ ခံယူတတ်သူတွေအတွက် ကျေးဇူးတော် ချီး မွမ်းစရာ ဖြစ်ပါတယ်။ သို့သော်လည်း ချီးမွမ်းလို့မှ မဆုံးခင် မခံယူတတ်တဲ့ အတွက်ကြောင့် အိတ်ပေါက်နဲ့ ဖားကောက်သလို၊ မလိုအပ်တဲ့ ထွက်ပေါက် တွေကနေ ကောင်းကြီးတွေ ဆုံးရှုံးသွားရတတ်ပါတယ်။ ဒီလို သတိမမူမိတာ ကြောင့် ဒီကျေးဇူးတော် ကောင်းကြီးမင်္ဂလာများဟာ အိမ် နောက်ပေါက်က တိတ်တိတ် လေး ထွက်သွားပြီး ကုန်သွားတတ်ပါတယ်။ ဒါကို ဆရာတစ်ပါးက ခရစ်ယာန် အသက်တာရဲ့ "ယိုပေါက်" လို့ညွှန်ပြပြီး တရားတစ်ပုဒ် ဝေမျှခဲ့ပါတယ်။

စင်ကာပူမှာ နေထိုင်ပြီး အလုပ်လုပ်ကြတဲ့ ကျွန်တော်တို့ လူငယ် တွေအကြားမှာ အနည်းနဲ့အများ ရှိကြတဲ့ "ယိုပေါက်" တစ်ခုကတော့ **Phone Bill** ပဲဖြစ်ပါတယ်။ နိုင်ငံတကာမှာ ဖုန်းခေါ်ရတာ ဈေးကြီးတဲ့ တိုင်း ပြည်ထဲမှာ ကျွန်တော်တို့နိုင်ငံလဲ ပါ ပါတယ်။ အများသူငှာတွေ တစ် ခေါ်လာဖို့ မိနစ်ခြောက်ဆယ်လောက် မိမိတို့ မွေးရပ်မြေက သူတွေနဲ့ ပြောနေရတဲ့အချိန်မှာ ကျွန်တော်တို့က တစ်မိနစ်ကို တစ်ဒေါ်လာ နီးပါး လောက် ပေးပြီးပြောနေရပါတယ်။ ချစ်သူ၊ ဇနီး၊ သားသမီး၊ မိသားစုနဲ့ ခွဲနေရတဲ့အချိန်များ၊ အိမ်လွမ်းတဲ့အချိန်များ၊ ချစ်သူကို လွမ်းနေတဲ့ အချိန် များမှာ ဖုန်း ကောက်နှိပ်မိကြပါ တယ်။ ပြည်တွင်း ဖြစ်ချင်လည်း ဖြစ်မယ်။ ပြည်ပ ဖြစ်ချင်လည်း ဖြစ် ပါလိမ့်မယ်။ လတ်တစ်လော စိတ် ချမ်းသာ ပျော်ရွှင် သွားရပေမဲ့ **Phone Bill** လာတဲ့ အချိန်ကျ တော့ ယိုပေါက် ပေါင်းလောင်းကို ကြည့်ပြီး ပျော်ရွှင်မှုတွေ ဆိတ်သုဉ်း ပြီး မျက်ဖြူ ဆိုက်ကုန် ကြရပါ တယ်။



ဒီ ယိုပေါက်နဲ့ ပတ်သတ်ပြီးကျွန်တော်ရဲ့အကြောင်း ပြောပြချင်ပါတယ်။ ကျွန်တော်ဟာ လွှမ်းတဲ့အခါတိုင်း ကျွန်တော့်ချစ်သူဆီ၊ သတိရတဲ့အချိန်တိုင်း မိသားစုဆီ အမြဲ ဖုန်းခေါ်ဖြစ်ပါတယ်။ **Phone Bill** တစ်လကို တစ်ရာကနေ သုံးရာ အတွင်း ကျတတ်ပါတတ်။ ဒီလို **Phone Bill** လာတိုင်း **Self Control** မရှိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော် ဒေါသထွက်ရပါတယ်။ ရက်အနည်းငယ် ကြာပြန်တော့ ယိုပေါက်ကို မေ့ပြီး ဒီ သံသရာထဲ ပြန်ဝင်သွားပါတယ်။ ဒီမှားယွင်းတဲ့ အကျင့်အတွက် ရလဒ်ဖြစ်တဲ့ ကုန်ကျစရိတ် **Phone Bill** ကို ချက်ချင်းမရပဲ နောက်ကျ လကုန်မှ လာတဲ့အတွက် ဒီအပြုအမူအကျင့်ဟာ အမှတ်တမဲ့ ဆက်ပြုနေတာ ဖြစ်ပါတယ်။ ဒါဟာ အမှတ်တမဲ့ အသက်ရှင်မှု အတွက် သင်ခန်းစာ ယူစရာ ဖြစ်ပါတယ်။

ကျွန်တော့်ချစ်သူက သူ့ကိုသတိရတိုင်း ဖုန်းခေါ်မဲ့အစား ကျမ်းစာဖတ်ဖို့ ပြောပါတယ်။ ချိန်းချက်တဲ့အချိန်မှပဲ ခေါ်ဖို့ တစ်လတစ်ခါပဲ ခေါ်ဖို့ ပြောပါတယ်။ ကျွန်တော့်ရဲ့ယိုပေါက်ကြီးကိုကြည့်ပြီး၊ သိသိကြီးနဲ့ ဆက်ယိုစေဖို့ မသင့်ဘူး ဆိုတာ ကျွန်တော် နားလည်လိုက်ပါတယ်။

ညီအစ်ကို တစ်ယောက်ကလည်း တစ်လမှာ **Phone Bill** ဒေါ်လာကိုးရာလောက် ကျသွားလို့ တော်တော့်ကို စိတ်ပျက်သွားပါတယ်။ ဒီငွေကြေး ပမာဏဟာ မြန်မာပြည်မှာ မိသားစုတစ်ခုကို မုန့်ဟင်းခါးဆိုင် ဖွင့်ဖို့ အရင်းအနှီး ထုတ်ပေးလို့ ရတယ်လို့ ဆရာက ဆိုပါတယ်။ ဇေံဂေလိပြုရာမှာ အသုံးပြုရင် အကျိုးများစွာ ဖြစ်ထွန်းမယ်လို့ ဆိုဆုံးမပါတယ်။ ဒီလို တစ်ခါတစ်ရံ ကျွန်တော်တို့ ယုံကြည်သူတွေမှာ အမှတ်တမဲ့ ပြုလိုက်မိတဲ့ အရာ များဟာ ယိုပေါက်များ ဖြစ်သွားတတ်ပါတယ်။ ဒါဆိုရင် ကျေးဇူးတော် ကောင်းကြီး မင်္ဂလာများဟာ အလဟဿ ဖြစ်သွားရသလို ကျွန်တော်တို့ဟာလဲ ကျေးဇူးတော်ကို အချည်းနှီး စားသုံးသူများ ဖြစ်သွားတတ်ကြပါတယ်။

ဒါကို ဘုရားသခင်က ခွင့်ပြုထားမှာ မဟုတ်ပဲ၊ ကောင်းကြီးများကို ရုပ်သိမ်းသွားမှာ ဖြစ်ပါတယ်။ ဒ့်ကြောင့် ကျွန်တော်တို့ ယုံကြည်သူ အသက်တာမှာ "ယိုပေါက်" ရှိနေရင် အခုချက်ခြင်းပိတ်ဖို့ ကြိုးစားပါ။ ဒီလိုသာ အချိန်မှီ ပိတ်လိုက်မယ်ဆိုရင် ကောင်းကြီးများ လျှံပြီး မှန်ကန်သော နေရာ၊ လိုအပ်သော နေရာများဆီ စီးဆင်းသွားစေမှာ ဖြစ်ပါတယ်။ ဘုရားသခင်၏ ကောင်းကြီး မင်္ဂလာဖြစ်စေသောသူ၊ အသက်တာ **Blessing Channel** များ ဖြစ်သွားမှာပါဆိုတာ နှိုးဆော်လိုက်ပါတယ်။

**"သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူး အပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့၊ အချင်းချင်း ဝေငှ ပေးကမ်းကြလော့။" (၁ပေ ၄း၁၀)။**

**"ကျေးဇူးတော်၌ မတည်မနေလျှင်၊ သင်သည်လည်း ခုတ်ပစ်ခြင်းကို ခံရမည်။ ( ရောမ ၁၁း၂၂) ။ ။ (သားကြီး)**

---

# နှစ်သစ်လက်ဆောင်

( သင်သည် ကြွယ်ဝချမ်းသာ လိုလျှင် ဆယ်ဖို့ တစ်ဖို့ ပေးခြင်းဖြင့် အစပြုပါ။)

ဆယ်ဖို့တစ်ဖို့သည် အလှူငွေ မဟုတ်၊ ဘုရားပိုင်သော ငွေ ဖြစ်သည်။ ဆယ်ဖို့တစ်ဖို့ ပေးခြင်းသည်လဲ အလှူငွေပေးခြင်း မမည်ပါ။ မိမိလက်ထဲတွင် ရှိနေသော ဘုရား ပိုင်သည့် ဥစ္စာကို ဘုရားအား ပြန်ပေးခြင်း ဖြစ်သည်။ အလှူငွေသည် မပေးလှူသော်လည်း ရ၏။ ဆယ်ဖို့တစ်ဖို့ကား မပေး၍ မရသော အရာဖြစ်သည်။ ကျွန်မ အသက်တာကို သက်သေခံရမည် ဆိုလျှင် ဆယ်ဖို့တစ်ဖို့ ပေးခြင်းဖြင့် မြောက်များစွာသော ကောင်းကြီးမင်္ဂလာ များကို ပြန်လည် ရိတ်သိမ်းခွင့် ရခဲ့ပါသည်။

သမ္မာကျမ်းစာ မာလခိ ၃း ၈ – ၁၂ တွင် ...

**လူသည် ဘုရားသခင်၏ ဥစ္စာတော်ကို လုယူရမည်လော။ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကို လုယူကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်းဟု သင်တို့သည်မေးလျှင် ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း ပူဇော်သက္ကာတို့ကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်း အမင်္ဂလာကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သား အပေါင်းတို့သည် ငါ့ဥစ္စာကို လုယူကြပြီ။ ဆယ်ဖို့တစ်ဖို့ ရှိသမျှကို ဘဏ္ဍာတိုက် ထဲသို့သွင်း၍ ငါ့အိမ်တော်၌ စားစရာ ရှိစေခြင်းငှာ ပြုကြလော့၊ ငါသည် မိုးကောင်းကင် ပြူတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီး မင်္ဂလာကို အကုန်အစင် သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား မိန့်တော်မူ၏၊ ကိုက်စားတတ်သော အကောင်ကို သင်တို့အတွက် ငါဆုံးမ၍ သင်တို့၏ မြေအသီးအနှံကို မဖျက်ဆီးရ၊ သင်တို့ စပျစ်ဥယျာဉ်သည် အသီး မသီးဘဲမနေရဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားမိန့်တော်မူ၏။ လူမျိုးအပေါင်းတို့သည် သင်တို့ကို မင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ပြည် သည်လည်း နှစ်သက်ဘွယ်သောပြည် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရ ဘုရား မိန့်တော်မူ၏။**

မာလခိ ၃း၈–၉ တွင် ဆယ်ဖို့တစ်ဖို့ မပေးသူအား သူခိုးဓါးပြ အဖြစ် ( ဘုရားဘဏ္ဍာ လုယူသောသူ) စီးပွားမဖြစ်သောသူ၊ ကျိန်ခြင်း အမင်္ဂလာခံရသောသူ ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။

က ၁၄း၁၇–၂၀၊ ဟေဗြဲ ၇း၁–၆ တွင် အာဗြံဟံပင်လျှင် ဆယ်ဖို့ တစ်ဖို့ ပြန်ပေးသည်ကို တွေ့ရပါသည်။

**✱ ဆယ်ဖို့ တစ်ဖို့ ပေးလျှင် မည်သည့်အကျိုးကျေးဇူးရမည်နည်း။**

သင့်နာမည်စာရင်း ရှိသော ကောင်းကင်ဘဏ္ဍာတိုက် တံခါးကို ဘုရား သခင် ဖွင့်ပေးမည်။ ကောင်းကြီးမင်္ဂလာကို အကုန်အစင် သွန်းလောင်းမည်။ စပျစ်ဥယျာဉ် အလုပ်ခွင်၌ အဆင်ပြေ၍ စပျစ်ခက်တိုင်း အသီးသီးမည်၊ ကိုက်စား ဖျက်ဆီးတတ်သော အကောင်ကို ဆုံးမပေးမည်။ သင်ကိုယ်တိုင် မင်္ဂလာ ရှိမည်၊ မိမိ တိုင်းပြည်၌ နှစ်သက်ဘွယ်ဖြစ်မည်။

**✱ ဆယ်ဖို့ တစ်ဖို့ ကို မည်သူ့ အား ပေးရမည်နည်း။**

တောလည် ၁၈း ၁၉–၃၁ လေဝိသားနှင့် သူ့မိသားစု စားဖို့ ဘုရားသခင်ချပေးသော ဆုဖြစ်သည်။ လေဝိသား ( ဘုရားနှင့် လူအကြား ဖြစ်ပွားနေသော ရန်ပွဲကို စေ့စပ် ဖျန်ဖြေပေးသောသူ၊ ဘုရားနှင့် လူ အကြား ဆက်သွယ် ပေးသောသူ) သည် လောက စီးပွားရေးကို မိမိ၏ မိသားစု တစ်စုတည်း ကောင်းစားရေးအတွက် မလုပ်စားသောသူ၊ အကျင့် စာရိတ္တ



ကောင်းသောသူ၊ ဘုရားနှင့် အဆက် အသွယ်ရှိ၍ အခြားသူများ ပေးသော ဆယ်ဖို့တစ်ဖို့ငွေကို ဘုရားသခင်၏ ကတိတော်နှင့်အညီ ဘုရားသခင်ထံ ဆုတောင်း ဆက်ကပ်ပြီး သုံးစွဲဝေမျှ ပေးကမ်း၍ ဘုရားသခင် ကောင်းကြီး ပေးသောသူဖြစ်သည်။ ထိုကဲ့သို့သော သူကို ပေးဖို့ရန် ဖြစ်ပါသည်။

အထက်ပါ ကဲ့သို့လိုက်နာလျှင် ကောင်းကင် ပြူတင်းပေါက်ဖွင့်၍ ကောင်းကြီး များကို ဘုရားရှင် ချပေးမှာသေချာပါသည်။ ကျွန်မ အသက်တာတွင် အထက်ပါ ကဲ့သို့ ဘုရားစကားကို စေ့စေ့ နားထောင်ပါသောကြောင့် ဘုရားရှင်သည် တရားဟောရာကျမ်း ၂၈ တွင်ပါသော လူမျိုးတကာ တို့ထက် သင့်ကို ချီးမြှောက်မည်ဆိုသည့် ကတိတော် အတိုင်း ဘုရားရှင်၏ ကောင်းကြီး ကို ခံစားရပါသောကြောင့် ချစ်သော ညီအစ်ကိုမောင်နှမတို့ကိုလဲ နှစ်သစ်မှာ ဆယ်ဖို့ တစ်ဖို့ပေးခြင်းဖြင့် ဘုရားသခင်၏ စကားကိုနားထောင်ကာ ဘုရား သခင်ထံမှ ကောင်းကြီး မင်္ဂလာကို ခံယူကြပါစို့လို့ တိုက်တွန်းရင်း ဘုရား သခင်ထံမှ ကောင်းကြီး ကျရောက်ပါစေ ဟု ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။ ။ **( Blessing Htay )**

---


မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂန နှင့်
ငြိစွန်းပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။)



**Min Aung Thet Lwin**
**4 , Tuas Ave 10 , Singapore 639128.**
**E-mail ; min_atl@yahoo.com.sg**